18.5.2005,(7:00pm)14

ရှုးတာ ဘာကြောင့်လဲ နလုံးသွင်း မှားလို့ ရှုးတာ။ နာမ်ရုပ်ပေါ်မှာ ကိုဒါသ အနေနဲ့ နလုံးသွင်း မမှားလား။ သားနှစ်ယောက်အနေနဲ့ နလုံးသွင်း မမှားလား။ မိဘ အနေနဲ့ နလုံးသွင်း မမှားလား။ အစ်ကိုကြီး အနေနဲ့ နလုံးသွင်း မမှားလား။ ဒါ မှားတာ အဝိဇ္ဇာပေါ့။ လိုချင်တာ တဏှာ၊ စွဲလမ်း တာ ဉပါဒါန် ပေါ့။ သစ္စာဖွဲ့တော့ သမုဒယလို့ မပြောဘူးလား။

သမုဒယ အကြောင်းရှိတော့ အကျိုးခန္ဓာ မပေါ်လား။ ခန္ဓာရတဲ့ပုဂ္ဂိုလ် အိုနာသေ လွတ်ကဲ့လား။ ဘာသစ္စာလဲ။ ဒုက္ခသစ္စာနော်။ ကဲ သောတာပန် တည်သွားပြီ ကြားလား။ အဲဒီအခါ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက တရားနာတဲ့ ပရိသတ်တွေ သိစေခြင်းငှာ ထပ်ပြီးကာမှ ဟော့ အရှုးမ မယ်ပဋာလို့ မခေါ်ဘူးလား။ ဘုရား တပည့်တော် မရှုးပါဘူးဘုရား။ တဲ့ ကြားရဲ့လား။ ပရိသတ်တွေက အရှုးတွေလို့ ပြန်မလျှောက်လား။ ဟဲ့ ဒီလိုမပြောနဲ့။ သူတို့မှာ ဝတ်တာ၊ စားတာ ကြည့် စိန်ကတ္တီပါ မြကတ္တီပါ ပိုးဖဲ ကတ္တီပါ။ နင့်မှာ ဝတ်လစ်စလစ်။ နင့်မှာ အဝတ်မရှိဘူး ပေါ့။ ကြားလား။

ဘုရား တပည့်တော်မှာ လည်း အဝတ်ရပါပြီတဲ့။ ထဘီရပြီ အင်္ကျီရပြီ။ ဘယ်ဆီက ရသလဲလို့ မမေးဘူးလား။ ပဒုမုတ္တရ.. ဘုရား လက်ထက်က ဂေါတမမြတ်စွာဘုရား သာသနာ ကျတော့ ငါးပါးသီလ တည်းဟူသော အင်္ကျီ မြဲစေ ငါးပါးသီလ တည်းဟူသော ထဘီ မြဲစေ ဗျာဒိတ် ခြွေခြင်းကြောင့် ထဘီ အင်္ကျီရှိပြီတဲ့။ ကြားလား။ သူတို့မှာ ရှိတဲ့ စိန်ကတ္တီပါ မြကတ္တီပါ ပိုးဖဲ ကတ္တီပါတွေက ရေလည်း ဖျက်စီးနိုင်တယ်၊ မီးလည်း လောင်နိုင်တယ်၊ သူခိုးလည်း ခိုးနိုင်တယ်၊ မင်းလည်း သိမ်းနိုင်တယ်တဲ့။ သူ့မှာရှိတာ မီးလည်း မလောင်နိုင်ဘူးပေါ့။ လောင်နိုင်ပါ့မလား။ ရေကား ဖျက်စီးနိုင်ရဲ့လား။ သူခိုးကား ခိုးနိုင်ရဲ့လား။ မင်းက သိမ်းနိုင်ရဲ့လား။ အဲလို စိစစ်ဖို့ မကောင်းဘူးလား ဟော့ ။ အဲ စဉ်းစားဖို့ ကောင်းတယ်နော်။

ကဲ တဘက်က ဘယ်က ရလဲလို့ မမေးဘူးလား။ ပဒုမုတ္တရ..ဘုရား လက်ထက်က ဂေါတမ မြတ်စွာ ဘုရား သာသနာကျ ပန်းသုံးခိုင်... အဲ တဘက်။ ရှစ်ပါးသီလ တည်းဟူသော တဘက် ရုံစေ။ တင်စေလို့ ဗျာဒိတ်ခြွေခြင်းကြောင့် တစ်လမှာ လေးသီတင်း ဥပုသ် မစောင့်လား ဟဲ့ ရှစ်ပါးသီလ တင်စေတဲ့။ ကြားလား။ ငါးပါးသီလက နိစ္စ ရှစ်ပါးသီလ အနိစ္စ တစ်လမှာ လေးခါ ကွဲ့နော်။ ပန်း သုံးခိုင် ဘယ်က ရသလဲ မမေးရဘူးလား။ ..ပဒုမုတ္တရ.. ဘုရား လက်ထက်က ဂေါတမ မြတ်စွာ ဘုရား သာသနာတော်မှာ ပန်းသုံးခိုင်ပန် ဗျာဒိတ်ခြွေခြင်းကြောင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ပန်းသုံးခိုင် ပန်လျက်ပါတဲ့။ ကြားလား။

18.5.2005,(7:00pm)15

ကဲ အရှုးပျောက်တာ ဘာကြောင့် ပျောက်တာလဲ စဉ်းစားဖို့ မကောင်းလား။ နှလုံးသွင်း မှန်တာဗျ။ နှလုံးသွင်း မှားလို့ သမုဒယသစ္စာ ဖြစ်တာနော် ။ သမုဒယကြောင့် ဒုက္ခ မဖြစ်လား။ ကဲ နှလုံးသွင်း မှန်...မဂ္ဂါနိရောဓလို့ မပြောဘူးလား။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ဖို့ လိုတယ်။ သိမှ ပယ်တာနော်။ ကဲ ဒါနဲ့ ရောင့်ရဲ မတင်းတိမ်နဲ့ ဆက်ပြီးတော့ ကြိုးစားလို့ မခိုင်းလား။ ဆက်ပြီးတော့ ကြိုးစားတော့ သောတာပန်က သကဒါဂါမ် မဖြစ်လား။ ပြန်ပြီးတော့ မကြိုးစားဘူးလား။ သကဒါဂါမ် က အနာဂါမ် မဖြစ်လား။ အနာဂါမ်က ရဟန်းကိစ္စမပြီးလားဟဲ့။ မယ်ပဥ္စာ တစ်ဘဝနဲ့ ရဟန်း ကိစ္စ ပြီးတာ ကွဲ့နော်။ ဘယ်လောက်များ ထင်ရှားသလဲ ကြားလား။ အဲလို လေ့လာဖို့မကောင်းလား။ အားရပါးရ ကွဲ့နော်။ ဤနေရာ ရောက်အောင်ကြိုးစား အားထုတ်ကြ။ နာရီကလည်း စေ့လာပြီ ကွဲ့နော်။

ကဲ ထိဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါဘုရား။) သိတာက ---။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက ----။(သမုဒယသစ္စာပါ ဘုရား။) နောက်ခန္ဓာ မလာတာ...။ (နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ်အကွက် ဘယ်နှစ် ကွက်ရှိ...။ (လေးကွက် ရှိပါတယ်ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။(ငါးပါးပါ ဘုရား။)ငါး လေးလီ။ (နှစ်ဆယ်) ဤရှစ်သွယ်ကို .... (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

(အမျှဝေ- က္ကမာယ ဓမ္မာန ဓမ္မပဋိပတ္တိယာ-----။ )

သာဓု-သာဓု-သာဓု။